ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၂) ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ နှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်း အစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့်လဲလှယ်ဆောင်ရွက် ရန်ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၄ |
| ၃။ | မိမိ၏ကလေးငယ် ၄ ဦးအားသတ်ခဲ့သည့်အတွက် ပြစ်ဒဏ်ကျခံခဲ့ရပြီး အကျဉ်း ထောင်တွင်အနှစ် ၂၀ခန့်နေထိုင်ခဲ့ရသည့်ဩစတြေးလျအမျိုးသမီးသည်မှားယွင်းစွာ ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ကြောင်းပေါ်ပေါက်၍ ပြစ်ဒဏ်မှလွတ်မြောက်လာခြင်း။ | ၅-၇ |
| ၄။ | အင်ဒိုနီးရှားနိုင်ငံတွင် အင်တာနက် (Portal) စနစ်ဖြင့် သတင်းထောက်များအား ဥပဒေအကူအညီပေးခြင်း။ | ၈-၉ |
| ၅။ | ရွှေ့ပြောင်းသွားလာသူများ၏အခန်းကဏ္ဍ။ | ၁၀-၁၃ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း ချင်းပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)အတွင်းရှိလမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းမကြီးအဖြစ် သတ်မှတ်ကြေညာခြင်း အမိန့်ကြော်ငြာစာများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှုပေးထားသည်။

လောင်းကစားဥပဒေကို ၂၀၁၉ခုနှစ်၊မေလ ၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီးပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ) အရ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၁၃-၁၂-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၇၆၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဝရမ်းမပါဘဲ ဖမ်းဆီးရာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်ကို ဤလုပ်ထုံးလုပ်နည်းအပိုဒ် ၃ တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လောင်းကစားအိမ်သို့ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ လောင်းကစားအိမ်သို့ကိုယ်တိုင် ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်မြေအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးက သတင်းပေးခြင်းကြောင့် သိရှိလျှင်ဖြစ်စေ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) တွင် လောင်းကစားအိမ်တည်ရာနေရပ်လိပ်စာ၊ လောင်းကစားအိမ်ရှင် (နေထိုင်သူ)အမည်၊ ရေးမှတ်သည့် နေ့ရက်နှင့်အချိန်နာရီ၊ သတင်း နှင့် ယုံကြည်လောက်သော အကြောင်းအချက်တို့ကိုဖော်ပြ၍ ရေးမှတ်ထားရမည်ဟု သိရသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ (ဠ)နှင့် (ဋ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားခြင်း

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၂)          ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

ကိုဖမ်းဆီးခြင်း၊ အရေးယူနိုင်ရန် အကြောင်းကြားခြင်းနှင့် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဤလုပ်ထုံးလုပ်နည်းအပိုဒ် ၁၆ အရ လောင်းကစားအိမ်တွင် လောင်းကစားခြင်းကို ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းဖြင့်တာဝန်ပေးအပ်ခြင်းခံရသောရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့်လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဥပဒေအရသက်ဆိုင်ရာ ဝရမ်းထုတ်ပေးခွင့်ရှိသူထံမှ ဝရမ်းရရှိမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

လောင်းကစားဥပဒေပုဒ်မ ၂(ဋ) တွင် ကာစီနိုဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်သတ်မှတ်ချက်များနှင့်အညီမှတ်ပုံတင်ထားပြီး နိုင်ငံခြားသားများသာ သီးသန့်လောင်းကစားခွင့်ရှိသော နေရာ သို့မဟုတ် အဆောက်အဦကိုဆိုကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၃ တွင် မြန်မာနိုင်ငံသားမည်သူမျှ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားခြင်းမပြုရကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ကာစီနိုအတွင်း ဝင်ရောက်ကစားသည့် မြန်မာနိုင်ငံသားအား ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦးဝင်ရောက်ကစားနေကြောင်း သတင်းရရှိလျှင် ကိုယ်တိုင်ဝင်ရောက် ဖမ်းဆီးနိုင်သည့်အပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသောရဲအရာရှိသည် ခွင့်ပြုချက်ဖြင့်ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိပါက ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သောရဲအရာရှိတစ်ဦးဦးအား ဝရမ်း(ပုံစံ-က(၁))ထုတ်ပေး၍ ဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးစေနိုင်ကြောင်း တွေ့ရှိ ရပါသည်။

ယခင်ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၇ခုနှစ်၊ ဇွန်လ၂၃ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁/၈၇)အရ ထုတ်ပြန်ထားသည့် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ်(၇၆၀/၂၀၂၃) ဖြင့် ပယ်ဖျက်ကြောင်း သိရသည်။

e– Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်း အစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်း၍ သိကောင်းစရာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်း အစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၁၃-၇-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၃ ဖြင့် သတ်မှတ်ခဲ့ကြောင်း၊ ယခုအမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်အရ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်း အစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ကြောင်းနှင့် ယင်းအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်ပြီး ယင်းအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## မိမိ၏ ကလေးငယ် ၄ ဦးအား သတ်ခဲ့သည့်အတွက် ပြစ်ဒဏ်ဖြင့် အကျဉ်းထောင်တွင် အနှစ် ၂၀ ခန့်နေထိုင်ခဲ့ရသော ဩစတြေးလျအမျိုးသမီးသည် မှားယွင်းစွာပြစ်ဒဏ်စီရင်ခြင်းခံခဲ့ကြောင်းပေါ်ပေါက်၍ ပြစ်ဒဏ်မှ လွတ်မြောက်လာခြင်း

ဩစတြေးလျနိုင်ငံရှိ Kathleen Folbigg ဆိုသူ အမျိုးသမီးသည် ၄င်း၏ကလေးငယ် ၄ ဦးအား သေဆုံးစေခဲ့ခြင်းနှင့်စပ်လျဉ်း၍ ၂၀၀၃ခုနှစ် မေလတွင် လူသေမှု လူသတ်မှုတို့ဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရပြီး အကျဉ်းထောင်တွင်ရာစုနှစ်(၂)စုခန့် နေထိုင်ခဲ့ရပြီးနောက် သက်သေခံအချက်အလက်အသစ်များအရ မှားယွင်းစွာပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရခြင်းဖြစ်ကြောင်းပေါ်ပေါက်ခဲ့သဖြင့် အယူခံတရားရုံးက သူမအား တရားသေလွှတ်ပေးခဲ့ကြောင်း ၁၄.၁၂.၂၀၂၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

Kathleen Folbigg တို့ ဇနီးမောင်နှံတွင် Caleb Gibson, Patrick Allen, Sarah Kathleen နှင့် Laura Elizabeth ဆိုသည့် သားသမီး ၄ ယောက် ထွန်းကားခဲ့ပြီး ထိုကလေးငယ်များသည် မွေးဖွားပြီးနောက်ရက်သား၊ လသားအရွယ်များတွင် ဆုံးပါးသွားခဲ့ကြခြင်းဖြစ်ပါသည်။ ကလေးငယ်များ သေဆုံးမှုနှင့်ပတ်သက်၍ Kathleen Folbigg အား စွပ်စွဲ အပြစ်တင်ရန် လုံလောက်သော တိုက်ရိုက်သက်သေခံချက်များမတွေ့ရှိခဲ့ရသော်လည်း သူမ၏ခင်ပွန်းက ရဲများထံ အပ်နှံပေးခဲ့သော သူမ၏ ဒိုင်ယာယီပါရေးသားချက်များအရ Kathleen Folbigg အနေဖြင့်ကလေးငယ်များအား ထိခိုက်နာကျင်စေခဲ့သည်ဆိုသည့်အချက်သည် ဖြစ်တန်ရာသည်ဟု ယူဆခဲ့ကြသည်။

၂၀၀၁ ခုနှစ် ဧပြီလတွင် Kathleen Folbigg သည် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး တရားစွဲအဖွဲ့က Kathleen Folbigg သည် စိတ်ပျက်ဖွယ်ရာ ကာလများအတွင်း သူမ၏ ကလေးငယ်များအား တစ်ခုခုဖြင့် ဖိသတ်ကာ အသက်ရှူမွန်းကြပ်စေခဲ့ခြင်းဖြင့် သတ်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။

Meadow’s Law ပါ“အခြားနည်းဖြင့်သက်သေထင်ရှားမပြနိုင်ပါက ပထမကလေးရုတ်တရက်သေဆုံးခြင်းသည် ကံမကောင်း အကြောင်းမလှ၍ဖြစ်သည်၊ ဒုတိယအကြိမ် သေဆုံးခြင်းသည် သံသယဖြစ်ဖွယ်ဖြစ်ပြီး တတိယအကြိမ်သေဆုံးခြင်းသည်လူသတ်မှုပင်ဖြစ်သည်”ဟူသော ပြဋ္ဌာန်းချက်အား ကိုးကားလျက် ယင်းအမှုသည် သမာရိုးကျဖြစ်စဉ်ဖြင့် ကလေးငယ်များ သေဆုံးခဲ့ခြင်းဖြစ်သည်

မှာဖြစ်နိုင်ဖွယ်ရာမရှိပါ။ Kathleen Folbigg က သူမ၏ ကလေးငယ်များသည် သမာရိုးကျဖြစ်စဉ်များအရသာ သေဆုံးခဲ့ရခြင်းဖြစ်ပြီး သတ်ခဲ့ခြင်း မရှိသဖြင့် အပြစ်ကင်းကြောင်း ခုခံ ချေပခဲ့ပါသည်။

၂၀၀၃ ခုနှစ် မေလ၂၁ ရက်နေ့တွင် (Supreme Court of New South Wales) တရားရုံးချုပ်မှ Kathleen Folbigg အား (Non-parole period) လွတ်ငြိမ်းချမ်းသာခွင့်မရှိသောကာလ နှစ် ၃၀ ပါဝင်သည့် စုစုပေါင်းထောင်ဒဏ် နှစ် ၄၀ အား ကျခံစေရန် ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

Kathleen Folbigg ၏ ဥပဒေအဖွဲ့သည် သက်သေခံအချက်အလက်အသစ်များဖြင့် စုံစမ်းစစ်ဆေးခြင်းအား ပြန်လည်သုံးသပ်ပေးစေလိုမှုအတွက် (New South Wales Court of Appeal) အယူခံတရားရုံးသို့ တင်ပြခဲ့သော်လည်း အယူခံအား တရားရုံးက ပယ်ချခဲ့သည်။

၂၀၂၀ခုနှစ် နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာသိပ္ပံပညာရှင်များအဖွဲ့က Kathleen Folbigg ၏ ကလေးငယ်များ သေဆုံးခဲ့ခြင်းသည် ရှားပါးသော မျိုးရိုးဗီဇဆိုင်ရာအကြောင်းအရင်းများကြောင့် သေဆုံးနိုင်ဖွယ်ရာဖြစ်ကြောင်း သိပ္ပံနည်းကျအထောက်အထားများ ဖော်ပြပါရှိသည့် သုတေသနစာတမ်းတစ်စောင်အား ထုတ်ဝေခဲ့သည်။ ဩစတြေးလျသိပ္ပံပညာရှင်များနှင့် ဆေးပညာရှင်များအဖွဲ့က ပြစ်မှုများအယူခံခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းအက်ဥပဒေ (၂၀၀၁) ပုဒ်မ ၇၆ အရ Kathleen Folbigg အားအမှုမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် (New South Wales)၏ မြို့တော်ဝန် ဗိုလ်ချုပ် Margaret Beazley ထံသို့ အသနားခံစာလျှောက်လွှာအား တင်ပြခဲ့သည်။

၂၀၂၃ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် New South Wales ရှေ့နေချုပ် Michael Daley က မြို့တော်ဝန် Margaret Beazleyကို Kathleen Folbigg၏ အမှုနှင့်စပ်လျဉ်း၍ သက်ညှာမှုတော်ဝင်အထူးလုပ်ပိုင်ခွင့်(Royal Prerogative of Mercy)အား ကျင့်သုံးရန် အကြံညာဏ်ပေးခဲ့သည်။ ထိုနေ့၌ပင် Kathleen Folbiggသည် အကျဉ်းထောင်မှ ခြွင်းချက်မရှိ လွတ်မြောက်လာခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ဩစတြေးလျပြစ်မှုဆိုင်ရာအယူခံတရားရုံး (ABC News) Kathleen Folbigg ၏ ယခင်ပြစ်ဒဏ်စီရင်ခံရမှုအား ပယ်ဖျက်ပေးခဲ့သည်။ Kathleen Folbigg အပေါ် မှားယွင်းစွာ ပြစ်ဒဏ်သတ်မှတ်ခံခဲ့ရခြင်းနှင့်စပ်လျဉ်း၍ သူမ၏ ဥပဒေအဖွဲ့မှ Kathleen Folbigg သည် အမှုမှလွတ်ငြိမ်းချမ်းသာခွင့်မရမီ အကျဉ်းထောင်အတွင်း ရာစုနှစ် ၂ ခုခန့် နေထိုင်ခဲ့ရ

ခြင်းအတွက် အစိုးရအပေါ်(record-breaking compensation) စံချိန်ချိုး လျော်ကြေးတောင်းခံသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်များ

- https://www.jurist.org/news/2023/12/australia-woman-acquitted-due-to-evidentiary-issues-following-20-year-conviction/
- https://en.wikipedia.org/wiki/Kathleen_Folbigg
- https://www.bbc.com/news/world-australia-67700410

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၂)		၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

## အင်ဒိုနီးရှားနိုင်ငံတွင် အင်တာနက် (Portal) စနစ်ဖြင့် သတင်းထောက်များအား ဥပဒေ အကူအညီပေးခြင်း

အင်ဒိုနီးရှားနိုင်ငံမှ Lembaga Bantuan Hukum Pers အမည်ရှိ NGO အဖွဲ့အစည်းသည် သတင်းထောက်များအား ဒီဂျစ်တယ်ဥပဒေဝန်ဆောင်မှုစနစ်ဖြင့် ဥပဒေအကူအညီပေးခြင်းကို Global Media Defense Fund ၏ ပံ့ပိုးမှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဒီမိုကရေစီတည်တံ့စေရေးအတွက် သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မြှင့်တင်ရေးတို့ကို ဥပဒေအထောက်အကူပေးခြင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် LBH အား ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ ကြောင်း၊ LBH ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရန် Legal Aid Portal Indonesia (Lapor) ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်၍ သတင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းထောက်များ၏ သတင်းရယူခွင့် နှင့် ၎င်းတို့၏ သတင်းအချက်အလက်များ ရယူခွင့်ဆိုင်ရာ အခွင့်အရေးများ အပါအဝင် ဥပဒေရေးရာ ကိစ္စရပ်များအပေါ် အကူအညီရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ယင်းသို့ Legal Aid Portal ဥပဒေဝန်ဆောင်မှု ဖွင့်လှစ်ပြီးနောက် လုပ်ငန်းခွင်ဆိုင်ရာ အမှု ၄၅ မှု၊ ရာဇဝတ်မှု ၅ မှု၊ သတင်းထောက်များ၏ အသိဉာဏ် (IP) ဆိုင်ရာ အမှု ၁ မှု၊ ဝက်ဘ်ဆိုက် ပိတ်ပင်သည့် အမှု ၁ မှုနှင့်လိင်အကြမ်းဖက်မှု ၁ မှုစုစုပေါင်းအမှု ၅၃ မှုကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းသို့ ဥပဒေအထောက်အကူပေးရာတွင် အကူအညီတောင်းခံသည့်ကိစ္စရပ်အလိုက် အထူး ကျွမ်းကျင်သည့်ဥပဒေပညာရှင်ထံသို့ လွှဲပြောင်းပေးခြင်း၊ လိုအပ်ပါက တရားရုံးသို့ အမှုစွဲဆို တင်ပြရန် ကူညီဆောင်ရွက်ပေးခြင်း စသည်ဖြင့် သတင်းထောက်များ၏ အမှုတစ်မှုချင်းအလိုက် ဆောင်ရွက် ရမည့် ကိစ္စရပ်များကို ထိရောက်စွာ ဥပဒေအကြံပေးနိုင်ခဲ့ခြင်းသည် သတင်းထောက်များကို ဥပဒေ အရသာမက စိတ်ပိုင်းဆိုင်ရာ အတွက်ပါ အထောက်အကူ ဖြစ်စေသည်ကို တွေ့ရှိရကြောင်း သိရပါ သည်။

မတရားမှုဆန့်ကျင်တိုက်ဖျက်ရေးဆောင်ရွက်မည့် သတင်းထောက်များအတွက် ဤ Legal Aid Portal ဥပဒေဝန်ဆောင်မှုသည် အားတက်ဖွယ်ရာဖြစ်ကြောင်း၊ အချို့ကိစ္စရပ် များတွင် ဥပဒေ အကြံဉာဏ်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို သိရှိလိုသော သတင်းထောက်များရှိပြီး

ယင်းသတင်းထောက်များကို ၎င်းတို့ကိုယ်တိုင် တရားမျှတမှု တောင်းဆိုနိုင်ရေးအတွက် အားပေးထောက်ခံသင့်ကြောင်း၊ ၎င်းတို့ရခွင့်ရှိသော တရားမျှတမှု ကို အင်တာနက်လိုင်း ရရှိသမျှကာလပတ်လုံး ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ယင်း NGO အဖွဲ့အစည်းက ဖော်ပြထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

**ကိုးကားချက်**

https:/ /www.unesco.org/en/articles/new-portal-indonesia

## ရွှေ့ပြောင်းသွားလာသူများ၏အခန်းကဏ္ဍ

ရွှေ့ပြောင်းသွားလာခြင်းသည် ယနေ့ကမ္ဘာတွင်မရှိမဖြစ် အရေးပါသောအကြောင်းအရာ တစ်ခုဖြစ်သည်။ ရွှေ့ပြောင်းသွားလာကြသူများဖြစ်သော အလုပ်သမားများ၊ ကျောင်းသားများ၊ လုပ်ငန်းရှင်များ၊ မိသားစုဝင်များ၊ အနုပညာရှင်များနှင့် အခြားသော ပြောင်းရွှေ့သွားလာ သူများသည် မူရင်းနိုင်ငံနှင့် လက်ခံသည့်နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အထောက်အကူပြုလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် (၅၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာလ (၁၈) ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့” အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ (International Migrants Day) ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံများက အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ကျင်းပခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြီးအကဲများကလည်း ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ စကားလက်ဆောင်ပါးခြင်းတို့ ပြုလုပ်ကြသည်။

ရောယှက်ဆက်နွယ်နေသောကမ္ဘာ့စျေးကွက်များ၊ နိုင်ငံဖြတ်ကျော်ကူးလူးဆက်ဆံမှု ကွန်ရက်များပေါ်ထွန်းလာခြင်းနှင့် ဆက်သွယ်ရေးနည်းပညာများ လျင်မြန်စွာ တိုးတက်ထွန်းကားလာမှုများသည် လုပ်သားများ၊ ကျောင်းသားများ၊ အလုပ်သင်သင်တန်းသားများ၊ မိသားစုဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားများအား ပိုမိုရွှေ့လျားသွားလာစေရန်ပံ့ပိုးပေးသည့် အကြောင်းအရာများဖြစ်သည်။ ရွှေ့ပြောင်းသွားလာခြင်းဖြင့်ပိုမိုကောင်းမွန်သောဘဝနေထိုင်မှု၊ အလုပ်အကိုင်၊အကျိုးခံစားခွင့်တို့ကိုရရှိခံစားနိုင်လိမ့်မည်ဟု မျှော်လင့်ပြီး တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှ တစ်နိုင်ငံကို ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းဖြစ်သည်။

ရွှေ့ပြောင်းသွားလာသူများ၏ အခြေခံအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ ခြိမ်းခြောက် အနိုင်ကျင့်မှု ၊ အကြမ်းဖက်ခံရမှု ၊ ခွဲခြားဆက်ဆံမှုများနှင့် ကြုံတွေ့ခြင်း မရှိစေရေးအတွက် နိုင်ငံများသည်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများ ပြည်ပသို့စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရန် ၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်စေရန် ပြည်ပအလုပ်အကိုင် အမျိုး အစားအလိုက်ရရှိခဲ့သော အတွေ့အကြုံများနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ခွင့်ရရှိနိုင်ရန်ရည်ရွယ်၍ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ် အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အာဆီယံ အစည်းအဝေးတွင် "ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာအာဆီယံသဘောတူညီချက်"ကို အာဆီယံနိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များနှင့် အတူ လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)သို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး IOM နှင့် ရွှေ့ပြောင်းအလုပ်သမားရေးရာစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ရေးတွင် အကျိုးကျေးဇူးရရှိစေရေးအတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အထိ မော်ရိုကိုနိုင်ငံ၌ ကျင်းပခဲ့သောကမ္ဘာလုံးဆိုင်ရာအစည်းအဝေးတွင် " လုံခြုံစိတ်ချရပြီး စနစ်တကျသည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာသဘော တူညီချက် (Global Compact for Safe, Orderly and Regular Migration –GCM ) ကို အတည်ပြုချမှတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားသော သဘောတူညီချက် အတည်ပြုချမှတ်နိုင်ရေးအတွက် ပါဝင် ဆောင်ရွက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ (International Migrants Day)အတွက်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ၏ အမှာစကားတွင် လွန်ခဲ့သော ၅ နှစ်က နိုင်ငံတကာအသိုက်အဝန်းသည် (Global Compact for

Safe, Orderly and Regular Migration –GCM ) ကိုချမှတ်ခဲ့ကြောင်း၊ ထိုသဘောတူညီချက်သည် အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်ချက်များကို အကဲဖြတ်ရန်၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ရွှေ့ပြောင်းသွားလာမှုအတွက်အခွင့်အရေးကိုအခြေခံသည့်လမ်းကြောင်းချဲ့ထွင်ရန်အရေးပါသည့် အရင်းအမြစ် ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

မလိုမုန်းထားခြင်း ၊ခွဲခြားဆက်ဆံခြင်းတို့ကို တိုက်ဖျက်ခြင်းသည် ရွှေ့ပြောင်းသွားလာ သူများ၏ အခွင့်အရေးကာကွယ်ပေးသည့်သော့ချက်ဖြစ်ကြောင်း ရွှေ့ပြောင်းသွားလာသူများ၏ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်ကပြောကြားခဲ့သည်။ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်၏ ထုတ်ပြန်ချက်တွင် ရွှေ့ပြောင်းနေထိုင်ခြင်းသည် အရေးကြီးသောအခန်း ကဏ္ဍမှပါဝင်ပြီးကမ္ဘာ့နိုင်ငံတို့၏ အနာဂတ်အတွက် အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း ၊ ရင်ဆိုင်ကြုံ တွေ့နေရသည့် စိန်ခေါ်မှုများအတွက် အဖြေကိုရှာပေးနိုင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့အတွက် အခွင့်အလမ်းများ ဖန်တီးပေးကြောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂထိပ်သီးညီလာခံတွင် ရွှေ့ပြောင်းသွားလာသူများ၏ လူ့အခွင့်အရေး များကိုအာမခံချက်ပေးရန် အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုကြောင်း ၊ လူ့အဖွဲ့အစည်းတွင် ရွှေ့ပြောင်းသွားလာသူများ အပြည့်အဝပါဝင်စေရန်ရွှေ့ပြောင်းသွားလာသူများ၏ စွမ်းရည်၊ အခွင့်အလမ်းနှင့် ဂုဏ်သိက္ခာတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ထည့်သွင်း ဖော်ပြထားသည်။

ရွှေ့ပြောင်းသွားလာခြင်းအတွက် စီမံခန့်ခွဲမှုကောင်းများဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ၂၀၃၀ ခုနှစ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

**Sources:**

https://www.deccanherald.com/opinion/first-edit/mediation-bill-2021-a-welcome-legislation-1241085.html

https://www.barandbench.com/news/mediation-bill-2021-passed-in-rajya-sabha

https://legalaffairs.gov.in/sites/default/files/mediation-bill-2021.pdf

https://treaties.un.org/Pages/ViewDetails.aspx?src=IND&mtdsg_no=XXII-4&chapter=22&clang=_en

https://www.singaporeconvention.org

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

